# ICRC ဆိုတာ ဘာလဲ?

အင်ဒီယားနားနယ်  ပြည်သူ့အခွင့်အရေး ကော်မရှင်

ICRC သည် အင်ဒီယားနားနယ်၏ ပြည်သူ့အခွင့်အရေးဥပဒေကို အကျိုးသက်ရောက်မှုရှိစေရန် ကြီးကြပ်သည့် အဖွဲ့အစည်းဖြစ်ပါသည်။ ကျွန်ုပ်တို့သည် အင်ဒီးယားနားနယ်၏ ပြည်သူ့အခွင့်အရေးဥပဒေနှင့်အညီ မတရားသဖြင့် ဆက်ဆံခံရ၍ တိုင်ကြားသော မကျေနပ်ချက်များ ကို စုံစမ်းစစ်ဆေးခြင်းနှင့်၊ အဖွဲ့အစည်းများ၊ ကုမ္ပဏီများ၊ အိမ်မြေပိုင်ရှင်များ၊ အသင်းများ နှင့် လူတဦးတစ်ရောက်စီတို့၏ အခွင့်အရေးများနှင့် တာဝန်ဝတ္တရားများကို အသိပညာပေးခြင်းများကို ဆောင်ရွက်ပါသည်။

## ဆက်သွယ်ရန်

Indiana Civil Rights Commission
100 North Senate Avenue, Room N103
Indianapolis, Indiana 46204

ရုံး - (၃၁၇) ၂၃၂-၂၆၀၀
အခမဲ့ဖုန်း - (၈၀၀) ၆၂၈-၂၉၀၉
အကြားအာရုံချို့တဲ့သူများအတွက် - (၈၀၀) ၇၄၃-၃၃၃၃
ဖက်စ် - (၃၁၇) ၂၃၂-၆၅၈၀
အီးမေးလ် - icrc@crc.in.gov
အင်တာနက်လိပ်စာ – www.in.gov/icrc

## ကာကွယ်မှုပေးချက်များ

မတရားသဖြင့် ဆက်ဆံခံရချက်များအားလုံးသည် ဤတရားဥပဒေကို ချိုးဖောက်ခြင်းမဟုတ်ပါ။ သို့သော်၊ အင်းဒီယားနားပြည်နယ်တွင်၊ လူတစ်ဦးတစ်ယောက်အား အောက်ပါအချက်များအရ သီးခြားခွဲခြားစွာ ဆက်ဆံ ပါက ဤတရားဥဒေကို ချိုးဖောက်ခြင်းဖြစ်ပါသည်။

- လူမျိုး၊
- အသားအရောင်
- လိင် (ကျား/မ)
- အသက်အရွယ် ( အလုပ်ခွင်အတွင်း အသက်၄၀ ကျော်ပါက)
- မိသားစုအခြေနေ (အိမ်ထောင်အတွင်း အသက် ၁၈ နှစ်အောက်ကလေး ရှိပါက)
- မူလ နေခဲ့သည့် တိုင်းနိုင်ငံ
- မျိုးရိုး
- ကိုးကွယ်သည့်ဘာသာ
- မသန်မစွမ်းဖြစ်ခြင်း

## ဘာတွေဖြစ်နိုင်သလည်း။

အကယ်၍ သင်၏ ရသင့်ရထိုက်သော ပြည်သူ့အခွင့်အရေးချိုးဖောက်ခံရမှုကို သက်သေပြနိုင်ခဲ့လျှင်၊ အောက်ဖော်ပြပါအချက်များအား(အတွက်) ပြန်လည်အကျိုးခံစားနိုင်ခွင့်ရှိသည်။

- မူလအလုပ်၌ပြန်လည်လုပ်ကိုင်ခွင့်
- ရာထိုးတိုးမြင့်ခံရခွင့်
- ဆုံးရှုံးခဲ့သောလစာ နှင့် အကျိုးခံစားခွင့် ရရှိခြင်း
- Neutral References (ဘက်မလိုက်သော အလုပ်နှင့်ပတ်သက်သည့် ထောက်ခံချက်များ)
- ဘက်မလိုက်၍ တရားမျှတသော ပေါ်လစီနှင့် သင်တန်းများ
- မိမိ၏ စိုက်ထုတ်လိုက်ရသော ငွေကြေးဆုံးရှုံးမှုများ (အလုပ်လက်မဲ့သောသူ)
- စိတ်သောက ခံစားရမှုများ (အလုပ်လက်မဲ့သောသူ)
- ရှေ့နေ ကုန်ကျရိတ် (အလုပ်လက်မဲ့သောသူ)
- သက်သာရာ ရခွင့်များ (ဥပမာ - နေရာထိုင်ခင်းပေးခံရခြင်း၊ adopt policies၊ post notices, etc.)





အထွေထွေလမ်းညွှန်



# အကျိုးသက်ရောက်မှုရှိသည့် အမှုအရာများ

ICRC သည် အောက်ဖေါ်ပြပါအချက်များပေါ် မူတည်ပြီး မတရားသဖြင့် ဆက်ဆံခံရ၍ တိုင်ကြားသော မကျေနပ်ချက်များကို လက်ခံသည်။



## လုပ်ငန်းခွင်

မည်သူကိုမဆို လုပ်ငန်းခွင်အတွင်း လူသစ်ခေါ်ယူခြင်း၊ အလုပ်ခန့်ခြင်း သို့မဟုတ် အလုပ်ထုတ်ပစ်ခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ပြောင်းရွှေ့ခြင်း၊ လုပ်ငန်းခွင်သင်တန်း၊ လုပ်အားခနှင့် လစာကိစ္စများနှင့်၊ အခြားသော လုပ်ငန်းဆိုင်ရာ အခြေနေနှင့် သတ်မှတ်ချက်များကို မတရားသဖြင့် နှိမ့်ချ၍ ဆက်ဆံပါက တရားမဝင်ပါ။ အလုပ်ရှင်သည် မသန်မစွမ်းဖြစ်နေသော အလုပ်သမားများ သို့မဟုတ် ရိုးသားစွာ ဘာသာရေး ခံယူချက်ရှိသော အလုပ်သမားများအတွက် သင့်တော်သည့်နေရာထိုင်ခင်းပေးရမည်။

## အိမ်ရာ အဆောက်အအုံ

အင်ဒီယားနားနယ်၏ မျှတစွာ အိမ်ရောင်း၊ ဝယ်၊ ငှားခြင်း ဥပဒေ (The Indiana Fair Housing Act) သည် ရောင်းဝယ်ခြင်း၊ ငှားရမ်းခြင်း နှင့် ငွေကြေးထောက်ပံ့ခြင်းများကို၊ အိမ်ထောင်အတွင်း ၁၈နှစ်အောက်ကလေး နေထိုင်မှု ဆိုသည့်အချက်ပါဝင်သော၊ ကာကွယ်မှုပေးထားသည့် အချက်များအပေါ် မတရားသဖြင့်နှိမ်၍ လုပ်ဆောင်ခြင်းကို တားမြစ်ထားသည်။ မသန်မစွမ်းဖြစ်သောသူများနှင့် သူတို့အား ကူညီသည့် တိရစ္ဆာန်များအတွက် သွားလာမှုလွယ်ကူရန်နှင့် သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများကို စီမံဆောင်ရွက်ပေးရမည်။ အိမ်ငှားများသည် ငှားနေသည့်အိမ်ကို ကိုယ်ပိုင်ငွေဖြင့် သင့်တင့်သောပြုပြင်မှု ပြုလုပ်ခွင့် ပေးရမည်။

## အများသုံး နေရာ

အများလူထုသုံးသည့် နေရာ (ဥပမာ၊ စားသောက်ဆိုင်၊ ဟိုတယ်၊ စတိုးဆိုင်၊ ရုပ်ရှင် သို့မဟုတ် ဇတ်ရုံ၊ ပန်းခြံ စသည်ဖြင့်) တို့တွင် မည်သူတစ်ဦးတစ်ယောက်၏ သာယာပျော်ရွှင်ကြည်နူးနေမှုကို ကာကွယ်မှု ပေးထားသည့် အချက်များပေါ် မူတည်၍ ငြင်းဆန်မှုမပြုရန် ဤတရားဥပဒေက တားမြစ်ထားသည်။ မသန်မစွမ်းဖြစ်သောသူများနှင့် သူတို့အား ကူညီသည့် တိရစ္ဆာန်များ အတွက်ပါ သွားလာမှု လွယ်ကူရန်နှင့် သင့်တင့်လျောက်ပတ်သော နေရာထိုင်ခင်းများကို စီမံဆောင်ရွက်ပေးရမည်။

## ကြေးငွေ ချေးငှားခြင်း

ဤတရားဥပဒေသည် ဘဏ်နှင့် ငွေချေးပေးသော အဖွဲ့အစည်းများထံ လျှောက်ထားသူအား ငွေကြေးချေးငှားမှုပြုခြင်း၊ ချေးငှားမှုဆိုင်းငံ့ခြင်း၊ ပြန်လည် အသစ်ချေးငှားခွင့် သို့မဟုတ် အတိုးနှုန်းထား ပြင်ဆင်ခြင်းများနှင့် ဆိုင်သည့် သက်မှတ်ချက်နှင့် သဘောတူညီချက် များအား ကာကွယ်မှု ပေးထားသည့် အချက်များအပေါ် မတရားသဖြင့်နှိမ်၍ ဆက်ဆံခြင်းကို တားမြစ်ထားသည်။

# တိုင်ကြားမှု ကိစ

မည်သူမဆို ပြည်သူ့အခွင့်အရေးဥပဒေကို ချိုးဖောက်ကျူးလွန်ခြင်း ခံရပါက ICRC သို့တိုင်ကြားနိုင်သည်။ လူကိုယ်တိုင် ဖုန်း၊ ဖက်စ်၊ စာတိုက် သို့မဟုတ် on-line website ၌ပုံစံဖြည့်စွက်၍ တိုင်ကြားနိုင်သည်။

## ပညာရေး

အင်ဒီယားနား နယ်သားအားလုံးသည် ဤတရားဥပဒေ အရ ကာကွယ်မှု ပေးထားသည့် အချက်များနှင့် မသက်ဆိုင်ဘဲ၊ ပညာရေးနှင့်ဆိုင်သည့် တူညီသော အခွင့်အရေးရှိသည်။ ပြည်နယ်နှင့် ဖယ်ဒရယ်ဥပဒေ အရ မသန်မစွမ်းကျောင်းသားများအတွက် အထူးပြုသည့် လမ်းညွှန်နှင့် အစီအစဉ်များ ထားရှိရန် လိုအပ်သည်။

## စုံစမ်းစစ်ဆေးခြင်း၊

စုံစမ်းစစ်ဆေးသူသည် နှစ်ဦးနှစ်ဘက်လုံးထံမှ လူတွေ့မေးမြန်းခြင်း၊ လျှောက်လွှဲချက်၊ စစ်ဆေးချက်နှင့် စာရွက်စာတမ်း စသည့် သက်သေခံပစ္စည်းများ ရယူပါမည်။ စုံးစမ်းစစ်ဆေးသူသည် မည်သည့် နှစ်ဦးနှစ်ဘက်လုံး၏ တိုင်ကြားချက်ကိုမျှ ကိုယ်စားပြုသူ မဟုတ်သည့်အပြင်၊ ဘက်လိုက်မှုမရှိဘဲ အမှန်တရားကို ရှာဖွေပေးသူဖြစ်သည်။

## လူထုရှေ့တွင် ကြားနာစစ်ဆေးမှု

အကယ်၍ ဤတရားဥပဒေကို ချိုးဖေါက်သည့် ဖြစ်နိုင်သော အကြောင်းတရား တွေ့ရှိခဲ့လျှင်၊ အုပ်ချုပ်မှုဆိုင်ရာ တရားသူကြီး (သို့မဟုတ်၊ ဖြစ်နိုင်လျှင်၊ ပြည်နယ်တရားသူကြီး) ရှေ့မှောက်၌ တရားကြားနာခြင်း ခံရမည်။ ICRC မှ ရှေ့နေသည် တရားလို (တိုင်ကြားသူ)၏ လျှောက်ထားချက်များနှင့် သက်သေခံချက်များကို တင်ပြခြင်းပြုနိုင်ရန် ကူညီပေးနိုင်ပါသည်။

## အငြင်းပွားခြင်းကို အခြားသောနည်းအားဖြင့် ဖြေရှင်းခြင်း

တိုင်ကြားမှုကိုစုံစမ်းရာတွင် ဖြစ်နိုင်မှုရှိခဲ့လျှင် ပြီးပြည့်စုံသည့် စုံးစမ်းစစ်ဆေးခြင်းကို မပြုလုပ်ဘဲ ဖြေရှင်း၍ ရနိုင်ရန် ကြိုးစားမည် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ဖြန်ဖြေရေး ကျွမ်းကျင်သူသည် နှစ်ဦးနှစ်ဘက်အား အကူအညီ ပေးမည့်သူအဖြစ် ရပ်တည်ပေးမည်ဖြစ်ပြီး၊ အငြင်းပွားမှုအပေါ် နှစ်ဦးနှစ်ဘက် သဘောတူ ကျေလည်မှုသည် နှစ်ဦးနှစ်ဘက်၏ ကိုယ်ပိုင်ဆန္ဒသာဖြစ်သည်။

## နောက်ဆုံးစီရင်ချက်

ဤအဖွဲ့၏ နောက်ဆုံး စီရင်ချက်ကို လိုက်နာရမည်။ သို့သော်၊ နှစ်ဦးနှစ်ဘက်လုံးသည် တရားရုံး၌ လျှောက်လွှဲတင်ကြားခွင့်ရှိသည်။

## တရားဆုံးဖြတ်ချက်

အကယ်၍ သဘောတူညီမှုမရခဲ့လျှင်၊ သက်သေ အကိုးအကားများကို ပြန်လည် စီစစ်မည်ဖြစ်ပြီး၊ တရားဥပဒေ ချိုးဖျက်မှု ရှိမရှိကို လုံလောက်သည့် သက်သေအကိုးအကား ရှိမရှိ (ဥပမာ - ဖြစ်နိုင်ခြေရှိသော အကြောင်းတရား) ပေါ် မူတည်၍ ဆုံးဖြတ်ချက် ပြုလုပ်မည် ဖြစ်ပါသည်။

အိမ်၊ အဆောက်အအုံနှင့် သက်ဆိုင်သည့် မတရားသဖြင့် ဆက်ဆံမှုများအား တိုင်ကြားလိုလျှင် တစ်နှစ်အတွင်း တိုင်ကြားရမည်။ အခြားသော တိုင်ကြားချက်များကိုမူ မတရားသဖြင့် ဆက်ဆံမှုခံရသော ရက်ပေါင်း ၁၈၀ အတွင်း တိုင်ကြားရမည် ဖြစ်သည်။